မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော
စုံစမ်းစစ်ဆေးမှု ယန္တရား

# အိုင်စီစီ၏ ဖမ်းဝရမ်းတောင်းဆိုမှုနှင့်ပတ်သက်သော အမေးအဖြေများ

## နိုင်ငံတကာ ရာဇဝတ်ခုံရုံး (အိုင်စီစီ) ဆိုတာဘာလဲ၊ မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးပြီး တရားစွဲဆိုနိုင်ပါသလား။

အိုင်စီစီသည် လူမျိုးပြုန်းစေမှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအပါအဝင် ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှုများဖြင့် စွပ်စွဲခံရသူများကို စုံစမ်းစစ်ဆေးပြီး တရားစွဲဆိုသည့် နိုင်ငံတကာတရားရုံးတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံသည် အိုင်စီစီအဖွဲ့ဝင် မဟုတ်သော်လည်း သိန်းနှင့်ချီသော ရိုဟင်ဂျာများ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ နှင်ထုတ်ခံရမှုနှင့် ပတ်သက်ပြီး လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် အိုင်စီစီ တရားသူကြီးများက အိုင်စီစီ၏ တရားလိုရှေ့နေရုံးကို ခွင့်ပြုမိန့် ပေးထားသည်။ အကြောင်းမှာ ယင်းရာဇဝတ်မှုများသည် အိုင်စီစီအဖွဲ့ဝင်ဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံပိုင်နက်တွင် ဆက်လက်ဖြစ်ပွားသောကြောင့်ဖြစ်သည်။

## မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) က အိုင်စီစီ၏ စုံစမ်းစစ်ဆေးမှုကို ဘယ်လို ပံ့ပိုးကူညီသလဲ။

သက်သေထွက်ဆိုချက်များအပါအဝင် များပြားလှသော အထောက်အထားနှင့် စိစစ်သုံးသပ်ချက်များကို မျှဝေပေးခြင်းဖြင့် ယန္တရားသည် အိုင်စီစီ၏ တရားလိုရှေ့နေရုံးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ကလေးများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ ကြုံတွေ့ခံစားခဲ့ရသူများစွာကို တွေ့ဆုံမေးမြန်းရာတွင်လည်း ယန္တရားသည် အိုင်စီစီနှင့်အတူ ပူးတွဲဆောင်ရွက်ခဲ့သည်။

## မင်းအောင်လှိုင်ကို ဖမ်းဝရမ်းထုတ်ဖို့အိုင်စီစီ တရားလိုရှေ့နေ၏ တောင်းဆိုမှုက ဘယ်လိုအဓိပ္ပာယ်ရှိသလဲ။

မင်းအောင်လှိုင်သည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိကြောင်း လုံလောက်သော သက်သေအထောက်အထားများ ရှိနေသည်ဟု အိုင်စီစီ၏ တရားလိုရှေ့နေက ယုံကြည်သည်။ ယခုအခါအိုင်စီစီ၏ တရားသူကြီးများသည် ယင်းသက်သေအထောက်အထားများကို စိစစ်သုံးသပ် ပြီး ဖမ်းဝရမ်းထုတ်၊ မထုတ် ဆုံးဖြတ်မည်ဖြစ်သည်။ အကယ်၍ ဖမ်းဝရမ်းထုတ်ခဲ့ပြီး၊မင်းအောင်လှိုင်အား ဖမ်းဆီး၍ အိုင်စီစီသို့ လွှဲပြောင်းပေးမည်ဆိုပါက၊ သူသည် အိုင်စီစီတွင် တရားရင်ဆိုင်ရမည်ဖြစ်သည်။ သို့သော်လည်း မြန်မာနိုင်ငံသည် အိုင်စီစီအဖွဲ့ဝင်နိုင်ငံ မဟုတ်သောကြောင့် အိုင်စီစီ၏ ဖမ်းဝရမ်းအရ သံသယရှိသူကို ဖမ်းဆီးပေးရန် ဝတ္တရားမရှိပါ။

## အိုင်စီစီ တရားလိုရှေ့နေ၏ တောင်းဆိုမှုတွင် မည်သည့်ရာဇဝတ်မှုများ ပါဝင်သလဲ။ ယင်းတို့ အနက် လူမျိုးပြုန်းစေမှု ဘာကြောင့်မပါဝင်သလဲ။

အိုင်စီစီ တရားလိုရှေ့နေ၏ တောင်းဆိုမှုတွင် ရိုဟင်ဂျာများကို နိုင်ငံတွင်းမှနှင်ထုတ်ခြင်းနှင့် နှိပ်စက်ညှဉ်းပန်းခြင်းများနှင့် ပတ်သက်သော လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ ပါဝင်သည်။ ယင်းရာဇဝတ်မှုများသည် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အတွင်း မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နယ်မြေတစိတ်တပိုင်းတွင် ဖြစ်ပွားခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိုင်စီစီအဖွဲ့ဝင်နိုင်ငံ ဖြစ်သောကြောင့် ယင်း၏ နယ်နိမိတ်အတွင်း ကျူးလွန်သည့် ရာဇဝတ်မှုများ၊ သို့မဟုတ် တစ်စိတ်တစ်ပိုင်း ဖြစ်ပွားခဲ့သည့် ရာဇဝတ်မှုများကို သာ တရားလိုရှေ့နေက တင်သွင်းခွင့်ရှိသည်။ လက်ရှိ စုံစမ်းစစ်ဆေးမှုတွင်လည်း အဆိုပါ ကန့်သတ်ချက်ရှိနေသည်။ ထို့ကြောင့် အိုင်စီစီ တရားလိုရှေ့နေ၏ ဖမ်းဝရမ်းတောင်းဆိုမှုတွင် ပါဝင်နိုင်သော ရာဇဝတ်မှုများ၏ အတိုင်းအတာတွင်လည်း ကန့်သတ်ချက်များရှိသည်။

## အိုင်စီစီ တရားလိုရှေ့နေ၏ တောင်းဆိုမှုတွင် လတ်တလော ရာဇဝတ်မှုများ ပါဝင်ပါသလား။

အိုင်စီစီ၏ ဖမ်းဝရမ်းတောင်းဆိုမှုသည်၂၀၁၇ ခုနှစ် ရှင်းလင်းစစ်ဆင်ရေးအတွင်း မြန်မာစစ်တပ်က ရိုဟင်ဂျာများအား ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို အဓိကထားသည်။

တချိန်တည်းတွင်၊ ယန္တရားသည် ၂၀၁၁ ခုနှစ် နောက်ပိုင်း မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် အကြီးလေးဆုံး နိုင်ငံတကာရာဇဝတ်မှုများ၏ သက်သေအထောက်အထားများ စုဆောင်းရေး၊ ထိန်းသိမ်းရေး၊ စိစစ်သုံးသပ်ရေးနှင့် မျှဝေရေးများကို လုပ်ပိုင်ခွင့်အတိုင်း ဆောင်ရွက်နေသည်။ယင်းလုပ်ငန်းများတွင် ရခိုင်ပြည်နယ်အတွင်း လတ်တလော ကျူးလွန်သည့် ရက်စက်ကြမ်းကြုတ်မှုများ အပါအဝင် ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှုများနှင့် ကျူးလွန်သူအားလုံးကို စုံစမ်းစစ်ဆေးနေသည်။

## အိုင်စီစီ၏တရားလိုရှေ့နေက အခြားလူပုဂ္ဂိုလ်များအတွက် ဖမ်းဝရမ်းတောင်းဆိုမှု ဆက်လက် လုပ်ဆောင်ရန် ရှိပါသလား။

အိုင်စီစီ တရားလိုရှေ့နေရုံး၏ ထုတ်ပြန်ချက်တွင် ယခုတောင်းဆိုမှုသည် မြန်မာနိုင်ငံ၏ အဆင့်မြင့် အရာရှိတစ်ဦးအား ဖမ်းဝရမ်းထုတ်ရန် ပထမဆုံး တောင်းဆိုခြင်းဖြစ်ပြီး နောက်ထပ် လည်းရှိလာဦးမည်ဟု ဖော်ပြထားသည်။ အခြားပုဂ္ဂိုလ်တစ်ဦးချင်းစီအတွက်လည်း အိုင်စီစီ ၏တရားစီရင်ပိုင်ခွင့်အတွင်းရှိ ရာဇဝတ်မှုများနှင့် ဆက်စပ်ပြီးလုံလောက်သော အထောက်အထားများရှိပါက ဖမ်းဝရမ်းထုတ်ရန် ထပ်မံတောင်းဆိုနိုင်သည်။

တချိန်တည်းတွင်၊ ယန္တရားသည် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများအား ကျူးလွန်သည့် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများကို သီးခြားလွတ်လပ်စွာ ဆက်လက် စုံစမ်းစစ်ဆေးနေပြီး အထောက်အထားနှင့် စိစစ်သုံးသပ်ချက်များကို အိုင်စီစီ၏ တရားလိုရှေ့နေရုံးထံ မျှဝေသွားမည်ဖြစ်သည်။